## May 1 (မေ ၁)

**လူသားသည်သူတစ်ပါးကိုစေစားခြင်းငှါမလာ၊ သူတစ်ပါးအစေကို ခံခြင်းငှါရင်း၊ မိမိအသက်ကိုစွန့်၍ လူများကိုရွေးခြင်းငှါရင်း၊ ကြွလာသည်ဖြစ်၍. . . . (မ ၂၀ း ၂၈)**

ဆက်ကပ်အပ်နှံခြင်းသည် ဘုရားသခင်အတွက်ဖြစ်သည်ဆိုလျှင် အသစ်သော သတ္တဝါများအနေဖြင့်ကျွန်ုပ်တို့အကျိုးအလို့ငှါရင်း၊ ဖခင် (သို့) မိခင်နှင့် အိမ်နီးချင်းများ သူငယ်ချင်းများအကျိုးအလို့ငှါရင်း၊ ခရစ်တော်ညီအစ်ကိုများအကျိုးအလို့ငှါရင်း၊ ပေးဆပ်စတေးမှုတိုင်းကို သူ့အားများစွာပြုလုပ်သကဲ့သို့ ဘုရားသခင်သည်ရေတွက်ပါသည်။ သို့သော် ဖြောင့်မတ်ခြင်းမရှိသောသူ၊ ဘုရားသခင်ထံဆက်ကပ်အပ်နှံခြင်း မရှိသောသူမည်သူမဆို အားဖြင့်ရင်း၊ (သို့) ဘုရားသခင်ထံ ယဇ်ပူဇော်ခြင်းတစ်ခု အဖြစ်မဟုတ်ဘဲ တစ်ဦးတစ်ယောက်အတွက်သာလျှင် ကဲ့သို့သောအခြားရှုထောင့်မှ ဤတူညီသော ပေးဆပ်မှုများကို လုပ်ဆောင်ခဲ့သော ဤအရာများကိုကျွန်ုပ်တို့၏ ယဇ်ပူဇော်ခြင်းများအဖြစ်ရင်း၊ ကျွန်ုပ်တို့အား ယဇ်ပရောဟိတ်များအဖြစ်ရင်း ရေတွက်လိမ့်မည် မဟုတ်ပါ။

## May 2 (မေ ၂)

**ယေရှုခရစ်၏ တရားတော်နှင့်အညီ ဘုရားဝတ်၌မွေ့လျော်၍နေခြင်းငှါ အလိုရှိသောသူအပေါင်းတို့သည် ညှင်းဆဲခြင်းကို ခံရကြလိမ့်မည်။ (၂ တိ ၃ း ၁၂)**

အတိုက်အခံဆန့်ကျင်မှုများအား မျှော်လင့်ရမည်ဖြစ်ပါသည်။ သေခြင်း၌ ကျွန်ုပ်တို့၏လမ်းကြောင်းပြီးဆုံးသည့်တိုင်အောင် ဆက်လက်ရှိနေဦးမည်ကို သံသယရှိဖို့မလိုပါ။ ဤဆန့်ကျင်ခြင်းများကို သီးခံစိတ်ရှည်စွာခံယူခြင်းသည် ယခုမျက်မှောက်ဘဝ၏ သာယာမှုနှင့် မိဿဟာရဖွဲ့ခြင်းကိုသာ၍ နှစ်သက်သော ကျွန်ုပ်တို့၏ပင်ကိုယ်စရိုက်ကို ယဇ်ပူဇော်ရန်နှင့် သူ၏အလိုတော်ကို လုပ်ဆောင်ရန် ကျွန်ုပ်တို့၏အားထုတ်မှုနှင့် သူ၏နိုင်ငံတော်အား ကြိုတင်၍ စိတ်ပါဝင်စားခြင်းနှင့် ဆိုင်သောအမှုတော်၌ ဘယ်လိုပုံသဏ္ဍာန်မျိုး၌မဆို ခက်ထန်ခြင်းများရောက်လာပါစေ၊ သမ္မာတရားကို ထောက်ရှု့လျှက် ကောင်းသော စစ်သူရဲများကဲ့သို့ ခက်ခဲခြင်းအား ကြံ့ကြံ့ခံနိုင်ရန် ဖြစ်ပါသည်။

သခင်ဘုရား၏ အမှုတော်မြတ်ထဲ၌ အမှန်တကယ်တည်ရှိရန်အတွက် ပထမဦးစွာ ဘုရားသခင်၏ အကြံအစည်ကို ဂရုစိုက်စွာ အဆက်မပြတ်လေ့လာပါ။ ဒုတိယအနေဖြင့် ၎င်း၏စိတ်သဘောကို ရရှိလျှက် ဦးဆောင်လမ်းပြခြင်းလိုအပ်ပါသည်။ တတိယအနေဖြင့် ၎င်းအကြံအစည်အား ပြီးပြည့်စုံရန်အတွက် ပြင်းပျသော စိတ်ပါဝင်စားမှုရှိရန်နှင့် မည်ကဲ့သို့သော အဖိုးအခပေးရပါစေ ၊ ၎င်း၏အမှုတော်၌ စွမ်းရည်များကို တိုးချဲ့လုပ်ဆောင်ရန် လိုအပ်ပါသည်။

## May 3 (မေ ၃)

**ထာဝရဘုရားသည် လူမြင်သကဲ့သို့ မြင်တော်မူသည်မဟုတ်။ လူသည် အဆင်းသဏ္ဌာန်ကို ကြည့်ရှုတတ်သည်ဟု ရှုမွေလအား မိန့်တော်မူ၏။ ( ၁ ရာ ၁၆ း ၇)**

ဘုရားသခင်သည် ကျွန်ုပ်တို့အား အလိုဆန္ဒ (နှလုံးသား) ၏အမြင်ရှုထောင့်မှ သိမှတ်သည့် အချက်နှင့်ပတ်သက်၍ ကျွန်ုပ်တို့အမြင်ဆုံးရှုံးခဲ့သော်ငြား၊ အကယ်၍ ကျွန်ုပ်တို့ကိုယ်ကိုငြား ၊ ဘုရားသခင်၏ ကျွန်ုပ်တို့အပေါ် တန်ဖိုးဖြတ်ခြင်းသည် ဇာတိပကတိ အသွေးအသားအားဖြင့်သာ ဖြစ်သည်ဟု ကျွန်ုပ်တို့စဉ်းစားခဲ့သော် ကျွန်ုပ်တို့သည် ထိုပမာဏာနှင့်အညီ မှောင်မိုက်ခြင်း၊ ရှုပ်ထွေးခြင်းနှင့် စိတ်ပျက်ခြင်းထဲသို့ အမှန်ကျရောက်မည်ဖြစ်ပါသည်။ သို့သော်တဖက်မှ ကြည့်မည်ဆိုလျှင် စိတ်သဘော (သို့)အလိုဆန္ဒကို အသက်ရှင်သည်ဟု ရေတွက်ထားသည်ကို ကျွန်ုပ်တို့ မမေ့ကြပါစို့နဲ့။ အဘယ်ကြောင့်ဆိုသော် ၎င်း၏ ဖြောင့်မတ်ခြင်းကြောင့်၎င်း၊ ဘုရားသခင်နှင့် ညီညွတ်မှုရှိသောကြောင့်၎င်း ဖြစ်ပါသည်။

ထို့ကြောင့် ကျွန်ုပ်တို့အသက်တာ၏ ပြုမူလုပ်ဆောင်မှုများကို အုပ်စိုးလျှက်ရှိသော အလိုဆန္ဒ (သို့)စိတ်သဘောနှင့် ပတ်သက်၍ ဘယ်တော့မှ လျော့မနေကြပါစို့နဲ့။ သို့သော်မည်သည့်လျော့ရဲခြင်းသည်မဆို သူ၏ပမာဏနှင့်အညီ ဝိညာဉ်ပိုင်းဆိုင်ရာ အသက်တာကို ဆုံးရှုံးစေမည်ဖြစ်ပါသည်။ စိတ်သဘောထားမှန်ကန်ရန်သည် ကျွန်ုပ်တို့အတွက် အမြဲတမ်းဖြစ်နိုင်ပြီး လုံးဝသစ္စာရှိသော အလိုဆန္ဒထက်မနည်းသော စိတ်သဘောသည် ခရစ်တော်၌ ဘုရားသခင်လက်ခံနိုင်သောအရာ ဖြစ်ပါသည်။

## May 4 (မေ ၄)

**ကောင်းကျိုးမကောင်းကျိုးကို ပိုင်းခြား၍သိနိုင်သောဉာဏ်ပေးတတ်သော၊ အကြားအမြင်အတွေ့အစမ်းများသော သူတည်းသော၊ စုံလင်သောအရွယ်ရှိသော သူတို့မူကား၊ ကြေခဲသောအစာ အဟာရကို သုံးဆောင်ရကြ၏။ (ဟေ ၅ း ၁၄)**

ဘုရားသခင်၌ စစ်မှန်ပြီး ရိုးသားသော ယုံကြည်ခြင်းရှိကြသောသူတို့သည် သူ၏နှုတ်ကပတ်တော်၌ "သူ"အား စားသုံးရန် အလိုဆန္ဒရှိကြပါသည်။ ဤအလိုဆန္ဒများနှင့်အတူ ဩဝါဒများနှင့် စပ်ဆိုင်သော ပထမဆုံး နိယာမသဘောတရားများကို အရင်ကတည်းကတည်ဆောက်သင့်ပါသည်။ ရွှေ၊ ငွေ ၊ ကျောက်ကောင်းတို့နှင့် စပ်ဆိုင်သော ကောင်းမြတ်သောစရိုက်လက္ခဏာများစွာကိုလည်းတည်ဆောက်သူတို့သည် ဘုရားသခင်၌ သစ္စာရှိကြသောသူများဖြစ်မည်ဆိုလျှင် ဤကဲ့သို့သော သူတို့သည် အမှန်နှင့်အမှား အကြားနားလည်နိုင်ပါသည်။ ကျွန်ုပ်တို့သည် ဘာကိုယုံကြည်သည်။ ကျွန်ုပ်တို့သည် ဘာကြောင့် ယုံကြည်သည်ကို သိသင့်ပါသည်။

အဘယ်ကြောင့်ဆိုသော် တံပိုးခရာသည် မမှန်သော အသံနှင့်မြည်လျှင် အဘယ်သူသည် စစ်တိုက်ခြင်းငှါ မိမိကိုယ်ကို ပြင်ဆင်နိုင်မည်နည်း။

## May 5 (မေ ၅)

**သင်တို့သည် ဇာတိပကတိအတိုင်း အသက်ရှင်လျှင် သေကြရမည်၊ ဝိညာဉ်တော်အားဖြင့် ကိုယ်ကာယ၏အကျင့်တို့ကို သေစေလျှင် အသက်ရှင်ကြလိမ့်မည်။ (ရော ၈ း ၁၃)**

သခင်ဘုရားနှင့်အတူ ဆက်လက်မိဿဟာရဖွဲ့ခြင်းအပေါ်မှ အခြေအနေများနှင့် ပထမထမြောက်ခြင်းစပ်ဆိုင်သော ဘုန်းအသရေ၌ ဝေစုတစ်ခုအတွက် မျှော်လင့်ခြင်းတို့သည် ကိုယ်ခန္ဓာအကျင့်များကို သေစေခြင်းလည်း ပါဝင်ရန် အတိအကျပြောဆိုထားပါသည်။ ဇာတိဆိုင်ရာပြုလုပ်လိုသည့်စိတ်များကိုတားမြစ်ခြင်း၊ သူတို့အား သေခြင်းသို့ပို့ခြင်း၊ သူတို့အား အဆုံးစီရင်ခြင်း ၊ သူတို့အားသခင်ဘုရားနှင့်သူ၏ အမှုတော်အတွက်အသုံးပြုခြင်းတို့ ဖြစ်ပါသည်။ ထိုကိုယ်ခန္ဓာ၏ အကျင့်များကို ဤကဲ့သို့သောသေစေခြင်းသည်ငင်း၊ ဇာတိ၏အားနည်းချက်များကို ဆန့်ကျင်သည့် ဤကဲ့သို့သော တိုက်ပွဲတခုသည် ဝိညာဉ်ရေးရာ တိုက်ပွဲအဖြစ် တမန်တော်ပြောခဲ့သောအရာဖြစ်ပါသည်။ ဇာတိပကတိသည် ဝိညာဉ်ပကတိကိုဆန့်ကျင်၍ ဝိညာဉ်ပကတိသည်လည်း ဇာတိပကတိကိုဆန့်ကျင်သည်ဟုသူသည် ကျွန်ုပ်တို့အား ပြောဆိုခဲ့ပါသည်။ အဘယ်ကြောင့်ဆိုသော် ထိုနှစ်ပါးသည် တစ်ပါးနှင့်တစ်ပါး ဆန့်ကျင်ကြပါသည်။ ဘဝအသက်တာ၏ အဆုံးထိတိုင်ဆိုင်ပြိုင်မှုသည်ရှိလိမ့်မည် ဖြစ်ပါသည်။ သခင်ယေရှု၏ ကောင်းမြတ်ခြင်းအားဖြင့် ဝိညာဉ်ပကတိသည် အလိုရှိလျက် ဇာတိပကတိ၏ အားနည်းချက်များကို ၎င်း၏ အကောင်းဆုံးအရည်အချင်းအားဖြင့် တိုက်ခိုက်ခဲ့ပြီးနောက် သခင်ဘုရားသည် ပြည့်စုံသော အောင်မြင်ခြင်းအဖြစ်ရေတွက်လိမ့်မည် ဖြစ်ပါသည်။

## May 6 (မေ ၆)

**ဘုရားသခင်၏ ဝိညာဉ်တော်ဆုံးမပဲ့ပြင်တော်မူသမျှသော သူတို့သည် ဘုရားသခင်၏သားဖြစ်ကြ၏။ (ရော ၈ း ၁၄)**

ကျွန်ုပ်တို့၏စစ်မှန်သော အနေအထားကို သိနိုင်သော လမ်းညွှန်ခြင်းဖြစ်ပါသည်။ ပြေးပွဲ၏ အစအဦး၌သာမက အဆုံးထိတိုင်အထိ ဖြစ်ပါသည်။ ဘုရားသခင်၏ ဝိညာဉ်တော်အားဖြင့် ကျွန်ုပ်တို့အား လမ်းပြခြင်းခံရသော်ငင်း၊ ဤလမ်းညွှန်လမ်းပြခြင်း၌ ကျွန်ုပ်တို့သည် လိုက်ခဲ့ကြသော်ငင်း၊ ဤအရာသည် ကျွန်ုပ်တို့ရှာဖွေနေသောအရာဖြစ်သော်ငင်း၊ ကျွန်ုပ်တို့သည် ဘုရားသခင်၏ သားများဖြစ်ကြပါသည်။ ယေရှုခရစ်အားဖြင့် သူ့ထံသို့လာကြသောသူများ၊ မင်္ဂလာဆောင်ဝတ်လုံ၏ ကောင်းမြတ်ခြင်း၌ ခိုလှုံကိုးစားသောသူများနှင့် ဤစိတ်သဘော၌ ဆက်လက်တည်ရှိနေသော သူအပေါင်းတို့အား ဘုရားသခင်သည် ပိုင်ဆိုင်ပြီး လက်ခံပါသည်။

## May 7 (မေ ၇)

**မဟောဘဲနေလျှင် အမင်္ဂလာရှိ၏။ ( ၁ ကော ၉ း ၁၆)**

ကျွန်ုပ်တို့သည် ကျွန်ုပ်တို့တွင်ရှိသော အကောင်းဆုံးဝမ်းမြောက်ဘွယ် သတင်းစကားကို အခြားသူတို့ကိုပြောရန် လုပ်ဆောင်သင့်ပါသည်။ ဘဝအသက်တာ၏ အမျိုးမျိုးသော စုံစမ်းစစ်ဆေးခြင်းများ၌ ညည်းတွားလျက်ရှိသော ဤလောကတစ်ခုလုံး၌ ကမ္ဘာမြေကြီးပေါ်ရှိ မိသားစုအားလုံးတို့ထံ သက်ရောက်စေမည့်ကောင်းကြီးမင်္ဂလာများကို ညွှန်ပြရန် ကျွန်ုပ်တို့အား ဦးဆောင်သင့်ပါသည်။ သင့်လျော်သော အခွင့်အလန်းတိုင်း၌ နေ့စဉ်မကြေငြာသောသူတို့သည် ဖွင့်ပြခြင်း၌ အသိပညာ (သို့)ယုံကြည်ခြင်း တစ်ခုမဟုတ်တစ်ခုမရှိကြောင်း သက်သေအထောက်အထားကို ပေးနေခြင်းဖြစ်ပါသည်။ ဘုရားသခင်မထောက်ခံသော တစ်ကိုယ်ကောင်းဆန်ခြင်းဖြစ်ပါသည်။ ဤကဲ့သို့ဆက်လက် လုပ်ကိုင်နေခဲ့သော် နိုင်ငံတော်၌ အမွေခံခြင်းမှ သူ့အားလုံးဝထုတ်ပယ်မည် ဖြစ်ပါသည်။

## May 8 (မေ ၈)

**ငါတို့အား ပေးတော်မူသော ဂတိတော်မူကား၊ ထာဝရအသက်ကို ဝန်ခံတော်မူသော ဂတိတော်ပေတည်း။ ( ၁ ယော ၂ း ၂၅)**

ကျွန်ုပ်တို့အားပေးတော်မူသော ဘုရားသခင်၏ ကြီးမြတ်တော်မူသော ဂတိတော်များကို နားလည်ခြင်း၌ ကျွန်ုပ်တို့သည် တစ်စုံတစ်ရာလုပ်ဆောင်ရန်ရှိသည်ကို ကျွန်ုပ်တို့အားလုံးနားလည်သင့်ပါသည်။ ယခုလက်ရှိ ဘဝအသက်တာ၏ အငန်းအတာများနှင့်အတူ ဆက်နွှယ်ခြင်း၌ ကျွန်ုပ်တို့၏မုန့်နှင့်ရေသည် အသေအချာရှိမည်ဟု သူသည် ဂတိပေးတော်မူခဲ့ပါသည်။ သို့သော် ဤအရာများကို ရရှိရန်အတွက် ကျိုးကြောင်းစီလျော်သော အခွင့်အလန်းများကို လစ်လျူရှုကြရမည်ဟု ရည်ညွှန်းနေခြင်းမဟုတ်ပါ။ထို့အတူ နိုင်ငံတော်၌ အမွေခံရန် ဂတိတော်ကိုလည်း သူသည်ကျွန်ုပ်တို့အား ပေးတော်မူခဲ့ပါသည်။သို့သော် ခေါ်တော်မူခြင်းနှင့် ရွေးချယ်တော်မူခြင်းကို သေချာအောင်ပြုလုပ်ရန် ကျွန်ုပ်တို့တာဝန်ဖြစ်ပါသည်။ ဘုရားသခင်သည် ဘယ်အမှုကိစ္စမျိုး၌မဆို သူ၏အပိုင်းအားလုံးကို လုပ်ဆောင်ရန်ပြည့်စုံစွာစွမ်းဆောင်နိုင်ပြီး ပြည့်စုံစွာအလိုဆန္ဒရှိပါသည်။ သို့သော် ကျွန်ုပ်တို့၏အလုပ်များအားဖြင့်သော်၎င်း၊ ကျိုးကြောင်းဆီလျော်သော နည်းလမ်းများ အားလုံး၌သူနှင့်အတူ ကျွန်ုပ်တို့သည် အတူတကွပါဝင်လုပ်ဆောင်ခြင်းအားဖြင့်သော်၎င်း၊ ကျွန်ုပ်တို့၏ ယုံကြည်ခြင်းကို ပြသရန် သူသည် ကျွန်ုပ်တို့အား ခေါ်တော်မူခြင်း ဖြစ်ကာ၊ ဤအရာသည်လဲကျွန်ုပ်တို့၏ အကျိုးအမြတ်အတွက် ဖြစ်ပါသည်။

## May 9 (မေ ၉)

**ထို့ကြောင့်သင်တို့သည် သခင်ယေရှုခရစ်တော်ကို ခံယူပြီးသည်ဖြစ်၍ထိုသခင်၌စိုက်ပျိုးခြင်း၊တည်ဆောက်ခြင်းရှိလျက်၊နည်းဥပဒေကိုခံပြီးသည်အတိုင်း၊ယုံကြည်ခြင်း၌ မြဲမြဲစွာစွဲလန်းလျက် ၊ကျေးဇူးတော်ကိုချီးမွမ်းခြင်းနှင့်တကွ ယုံကြည်ခြင်းတိုးပွားပြည့်စုံလျက် ထိုသခင်၌ ကျင်လည်ကြလော့။**

**( ကော ၂ း ၆-၇)**

ယုံကြည်ခြင်း၌ တည်ဆောက်ခြင်းရှိရန် မလိုအပ်ဘူးလို့ တွေးတောစဉ်းစားကြသော မှားယွင်းသည့် သြဝါဒများကို သွန်သင်ကြသည့် ဆရာများအကြား၌ ယေဘူယျသဘောထားမှာ တည်ဆောက်ခြင်းသည်အစွန်းရောက်ခြင်းတစ်ခုဖြစ်သည်ဟု ယူဆကြပါသည်။ ထို့ကြောင့် ခိုင်မာသော တွေးခေါ်ခြင်းအားခြင်းဖြင့်၎င်း (သို့) သမ္မာကျမ်းစာ၏ အခွင့်အာဏာအားဖြင့်၎င်း၊ ဘယ်သောအခါမှ မှန်ကန်ကြောင်းသက်သေပြခြင်းမရှိသော အရာကို ဆုပ်ကိုင်ရန်နှင့် လက်ခံရန်အဖြစ် သူ၏ နှလုံးသားထဲ၌ အလွန်သင့်လျော်စွာ ၊ တရားမျှတစွာရှိမနေခြင်း ဖြစ်ပါသည်။ သို့ရာတွင် ယုံကြည်ခြင်းသော်၎င်း၊ ဘုရားသခင်၏ အခွင့်အာဏာ၌သော်၎င်း၊ ဘုရားသခင်၏ နုတ်ကပတ်တော်ကို လက်ခံသောသူသည် ကျိုးကြောင်းစီးလျော်မှုမရှိသော အစွန်းရောက်သမားတစ်ဦး မဟုတ်ပါ။ ထိုကဲ့သို့သော သူတို့သာလျှင် ၊ ထိုကဲ့သို့လုပ်ဆောင်သော သူတို့သာလျှင် သမ္မာတရား၌ တည်ဆောက်ပြီး အခြားတစ်ဦးသည် မှားယွင်းသောတရား၌ တည်ဆောက်ပါသည်။

## May 10 (မေ ၁၀)

**အကျွန်ုပ်ခေါင်းကို ဆီနှင့်လိမ်းတော်မူ၏၊ အကျွန်ုပ်ခွက်ဖလားသည် လျှံလျက်ရှိပါ၏။**

**( ဆာလံ ၂၃ း ၅)**

ခွက်ဖလားသည် ပြည့်လျက်လျှံလျက်ရှိခြင်း၌ အဓိပ္ပါယ်နှစ်ခုရှိပါသည်။ ဝမ်းမြောက်ခြင်းနှင့်စပ်ဆိုင်သော ခွက်ဖလားနှင့် ဝမ်းနည်းခြင်းနှင့်စပ်ဆိုင်သော ခွက်ဖလားတို့ ဖြစ်ကြပါသည်။ ခွက်ဖလားနှစ်ခုစလုံး၌ လျှံလျက်ရှိပါသည်။ သခင်ဘုရား၏ ဝမ်းမြောက်ခြင်းခွက်ဖလားကို သောက်သောသူသည် သခင်၏ဒုက္ခဆင်းရဲခြင်း ခွက်ဖလားကိုလည်း သောက်ရမည်ဖြစ်ပါည်။ ကျွန်ုပ်တို့သည် သူနှင့်အတူ ဒုက္ခဆင်းရဲခံမည်ဆိုလျှင် သူနှင့်အတူ အုပ်စိုးရမည်ဖြစ်ပါသည်။ သို့သော်ဤယခုလက်ရှိ အချိန်ကာလ၏ ဒုက္ခဆင်းရဲများကို ကျွန်ုပ်တို့အားပြင်ဆင်ပေးမည့် ဘုန်းအသရေတို့နှင့် နှိုင်းယှဉ်ရန် မထိုက်တန်သောအရာအဖြစ် ကျွန်ုပ်တို့သည် ရေတွက်ကြပါသည်။ ထိုအခါ ကျွန်ုပ်တို့သည် ဒုက္ခဆင်းရဲခြင်း၌ဝမ်းမြောက်ရန် တတ်စွမ်းနိုင်သူများ ဖြစ်နိုင်ကြပါသည်။ ထို့ကြောင့် ဒုက္ခဆင်းရဲခြင်းများသည် ဝမ်းမြောက်ခြင်းများကို လျှံစေမည်ဖြစ်သကဲ့သို့ ဝမ်းမြောက်ခြင်းခွက်ဖလားသည်လည်း လျှံလျက်ဝမ်းမြောက်ကြလော့၊တဖန်ငါဆိုသည်ကား ဝမ်းမြောက်ကြလော့ဟု ကျွန်ုပ်တို့သည် တမန်တော်နှင့်အတူ ပြောနိုင်မည်ဖြစ်ပါသည်။

## May 11 (မေ ၁၁)

**အကယ်စင်စစ်ကိုယ်တော်အတွက် အကျွန်ုပ်တို့သည် အစဉ်မပြတ် အသေသတ်ခြင်းကို ခံရကြပါ၏။ သတ်ဘို့ရာထားသော သိုးကဲ့သို့ အကျွန်ုပ်တို့ကို သူတစ်ပါးမှတ်တတ်ကြပါ၏။ (ဆာ ၄၄း၂၂ )**

ကျွန်ုပ်တို့တွင် ယဇ်ပူဇော်ခြင်းတစ်ပါးတည်းသာရှိသည်ကို ကျွန်ုပ်တို့မှတ်မိကြရမည်ဖြစ်ပါသည်။ ၎င်းမှာ သခင်ဘုရားနှင့် သူ၏အမှုတော်အတွက် အစေခံရန် ၊ ကျွန်ုပ်တို့ထံရောက်ရှိလာသော အခွင့်အလမ်းတိုင်းနှင့် စပ်ဆိုင်သော တိုးတက်ခြင်း၌ တစ်ရက်ပြီးတစ်ရက် သခင်ဘုရားအား ပြန်လည်ပေးဆပ်ရမည့်အရာ ဖြစ်ပါသည်။ ၎င်းတွင် သေးငယ်သော ယဇ်ပူဇော်ခြင်းများ များစွာပါဝင်သည်ကို ကျွန်ုပ်တို့ သတိရမှတ်မိကြရမည်ဖြစ်ပါသည်။ အချို့တို့မှာ ဖော်ပြရန် (သို့)တွေးတောစဉ်းစားရန်ပင် အလွန်သေးငယ်ကြပါသည်။ သို့သော်လည်း ကျွန်ုပ်တို့သည် သူ၏ မိသားစုထဲသို့ ကျွန်ုပ်တို့၏ မွေးဖွားခြင်းအစအဦး၌ ပြုလုပ်ခဲ့သော ယဇ်ပူဇော်ခြင်းတစ်ပါးကို ပြီးပြည့်စုံရန် ဤအရာအားလုံးတို့ကို လိုအပ်မည်ဖြစ်ပါသည်။ ကျွန်ုပ်တို့၏ အလိုဆန္ဒကိုပေးခဲ့သော အချိန်တွင် ကျွန်ုပ်တို့၏ အရာအားလုံးကိုပေးခဲ့ပါသည်။ ဘဝအသက်တာ၏ မည်သည့်သေးငယ်သော အမှုကိစ္စ၌မဆို ယဇ်ပူဇော်ရန် မလိုလားခြင်း (သို့) သခင်ဘုရားကျေနပ်လိမ့်မည်ဟု ကျွန်ုပ်တို့ထင်သောအရာကို ယဇ်ပူဇော်ရန် ငြင်းပယ်ခြင်းသည် သူထံကျွန်ုပ်တို့ အပ်နှံထားခဲ့သော အရာများစွာကို ငြင်းဆန်ခြင်း ဖြစ်ပါသည်။

## May 12 (မေ ၁၂)

**ထို့ကြောင့်ချစ်သူတို့၊ ထိုဂတိတော်များနှင့် ငါတို့သည်ဆိုင်ကြသည်ဖြစ်၍ ကိုယ်ခန္ဓာ၏အညစ်အကြေး၊ စိတ်ဝိညာဉ်၏အညစ်အကြေးရှိသမျှတို့နှင့် ကိုယ်ကိုကိုယ် ကင်းစင်စေလျက် ၊ ဘုရားသခင်ကို ကြောက်ရွံ့၍ သန့်ရှင်းခြင်းပါရမီနှင့် ပြည့်စုံကြကုန်အံ့။ ( ၂ကော ၇း ၆ )**

မနာလိုခြင်း၊ ကောက်ကျစ်ခြင်း၊ဟန်ဆောင်ခြင်း၊မကောင်းသောစကားပြောခြင်း -စသော ဤလိုင်းတစ်လျှောက်၌ သူတို့တွင် ညစ်ညမ်းမှုများရှိကြသည်ဟု ယဇ်ပရောဟိတ်အမျိုးအနွယ်၌ သင်းဝင်ဖြစ်လိုသော များစွာသောသူတို့ထံမှ မည်မျှလောက်တွေ့ရှိကြသည်မဟုတ်ပါလော! ဇာတိပကတိ၌ ဤအားနည်းချက်များထဲမှ အကုန်မရှိရင်တောင် အယောက်စီတိုင်းတွင် အချို့တော့ရှိကြမည်ဟုပြောရန်ရှိပါသည်။ အထူးသဖြင့် ယဇ်ပရောဟိတ်ဆိုင်ရာ အလုပ်ထဲသို့သူ၏ဝင်ရောက်ခြင်းအစအဦး၌ ဆိုင်ပြိုင်တိုက်လှန်ရန် အားနည်း ချက်များရှိပါသည်။ ဤအရာအားလုံးတို့ကို အဝေးသို့စွန့်ပစ်ရန် မည်မျှလောက် အထူးဂရုစိုက်စွာ ရှာဖွေသင့်သည် မဟုတ်ပါလော! အယောက်စီတိုင်းသည် ဘဝ၏အပြုအမူတိုင်းကို သေချာစစ်ဆေး ကြည့်ရှု့ရုံသာမက လုပ်ဆောင်မှုတိုင်းတွင် သူ၏စကားများ၊ အတွေးများနှင့် အပြုအမူများအောက်မှ
အကြောင်းရင်းတိုင်းကိုလည်း သေချာစစ်ဆေးကြရမည်ဖြစ်ပါသည်။ ထိုအခါ သူတို့သည် မြေကြီးညစ်ညမ်းမှုထဲမှ ပို၍ပို၍ စင်ကြယ်လာနိုင်ပြီး သခင်ဘုရားလက်ခံနိုင်သောသူများ ပို၍ပို၍ ဖြစ်လာနိုင်မည် ဖြစ်ပါသည်။

## May 13 မေ ၁၃)

**ထာဝရဘုရား၏အမိန့်တော်ကိုနားထောင်ခြင်း၌ အားရတော်မူသကဲ့သို့ မီးရှို့ရာ ယဇ်အစရှိသော ယဇ်မျိုးတို့ကို ပူဇော်ခြင်း၌ အားရတော်မူမည်လော။အလိုတော်သို့လိုက်ခြင်းသည်ယဇ်မျိုးထက် သာ၍ကောင်း၏။နားထောင်ခြင်းသည် သိုးထီးဆီဥထက်သာ၍ကောင်း၏။( ၁ ရာ ၁၅း ၂၂)**

ကျွန်ုပ်တို့၏ကောင်းကင်ဘုံရှင်ခမည်းတော်ဘုရားသခင်သည် သူ၏နှုတ်ကပတ်တော်ကို အထူး ဂရုပြုအာရုံစိုက်ရန် အလိုဆန္ဒရှိပါသည်။ တဒင်္ဂအတွက် စဉ်းစားရန်မဟုတ်ပါ။ ထိုနေရာမှ ကျွန်ုပ်တို့ တိုးတက်နိုင်ပါသည်။ ကျွန်ုပ်တို့၏ နားထောင်ခြင်းနှင့် စပ်ဆိုင်သော ကျိုးကြောင်းဆီလျော်ခြင်းသည် အချိန်များနှင့် အခြေအနေများကို ပြောင်းလဲမည်ဖြစ်ပါသည်။ ရလာဒ်များကို မကြောက်ရွံ့ဘဲ ကျွန်ုပ်တို့ ကိုစောင့်ကြည့်နေသောသူသည် ဘယ်တော့မှ ငိုက်မြည်းအိပ်ပျော်ခြင်းမရှိ၊ ဉာဏ်ပညာနှင့် ကြွယ်ဝသူ ဖြစ်သကဲ့သို့ ထိုနည်းတူ နားထောင်ခြင်း၏ ရလာဒ်တစ်ခုအဖြစ် ကျွန်ုပ်တို့အပေါ်သို့ ရောက်ရှိလာနိုင် သော အရေးပေါ်ကိစ္စရပ်တိုင်းကို ကိုင်တွယ်ရန် ကျွမ်းကျင်သောသူဖြစ်သည်ဟု ယုံကြည်လျက် သခင် ဘုရား၏ နှုတ်ကပတ်တော်ကို နားထောင်ကာ နီးကပ်စွာ စောင့်ထိန်းကြပါစို့။

## May 14 (မေ ၁၄)

**မေတ္တာစိတ်နှင့်သမ္မာတရားကို ဟောပြောသဖြင့်၊ဦးခေါင်းတည်းဟူသော ခရစ်တော်မှာ အရာရာ တို့၌ ကြီးပွားကြမည် အကြောင်းတည်း။ ( ဧ ၄ း ၁၅)**

ကျေးဇူးတော်၌ ကြီးထွားခြင်းဆိုသည်မှာ မည်သို့နည်း သူနှင့်အတူ ကိုယ်တိုင်အလွန်ရင်းနှီးကျွမ်း ဝင်သော မိဿဟာရဖွဲ့ခြင်းအားဖြင့် သခင်ဘုရား၏ကျေးဇူးပြုခြင်း၌ ကြီးထွားခြင်းဖြစ်ပါသည်။ သမ္မာ တရားအသိပညာ၌ မကြီးထွားဘဲ ကျေးဇူးတော်၌ ကြီးထွားရန်သည် မဖြစ်နိုင်ပါ။ အဘယ်ကြောင့် ဆိုသော် ဤကဲ့သို့သော မိဿဟာရဖွဲ့ခြင်း၏ ရည်ရွယ်ချက်တိုင်းမှာ ပို၍စုံလင်သော အသိပညာနှင့်အတူ သခင်ဘုရားနှင့် ရင်းနှီးကျွမ်းဝင်ခြင်း၌ ကျွန်ုပ်တို့ကို တည်ဆောက်ရန်ဖြစ်သောကြောင့် ဖြစ်ပါသည်။ ဘုရားသခင်၏အကြံအစည်နှင့်အတူ ပို၍နီးကပ်သော မိဿဟာရဖွဲ့ခြင်းထဲသို့ ကျွန်ုပ်တို့အား ပို့ဆောင် ပြီး ထိုစီမံကိန်းကို အကောင်အထည်ဖော်ခြင်း၌ သူနှင့်အတူ အတူတကွ အလုပ်လုပ်သောသူများဖြစ်ခြင်း နှင့် စပ်ဆိုင်သော အခွင့်အလန်းကို ကျွန်ုပ်တို့အားပေးပါသည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် သခင်ဘုရား ကိုချစ်လျက် နားထောင်ကာ သူ၏ကျေးဇူးပြုခြင်း၌ ကြီးထွားရန်ဆန္ဒရှိလျှင် သူရေးသားထားသော နှုတ်ကပတ်တော်သည် ကျွန်ုပ်တို့၏ နေ့စဉ်ဆင်ခြင်အောက်မေ့ရမည့်အရာ၊ လေ့လာရမည့်အရာ ဖြစ်ပါ သည်။ ဤသို့အားဖြင့် ကျွန်ုပ်တို့သည် အသိပညာ၌ ကြီးထွားကြပါသည်။

## May 15 (မေ ၁၅)

**သဘော်သဖန်းပင် မပွင့်ရ၊ စပျစ်ပင်မသီးရ၊ သံလွင်ပင်၏ ကျေးဇူးကိုမြော်လင့်၍မခံရ၊ လယ်တို့သည် အသီးအနှံကို မပေးရ၊ သိုးခြံ၌ သိုးကုန်၍ တင်းကုပ်၌နွားမရှိရ၊ သို့သော်လည်းထာဝရဘုရား၌ ငါဝမ်းမြောက်၍၊ငါ့ကိုကယ်တင်တော်မူသော ဘုရားသခင်ကို အမှီပြုလျက် ရွှင်လန်းမည်။ ( ဟဗ ၃ း ၁၇-၁၈)**

ဘုရားသခင်သည် လောကထဲ၌ ခံယဉ်းဆိုးယုတ်ခြင်းကို ခွင့်ပြုထားသည်ကို ကျွန်ုပ်တို့တွေ့မြင်ရပါသည်။ လောကသည် ဆိုးညစ်ခြင်းကို လုပ်ဆောင်ခြင်း၏ရလာဒ်အဖြစ် ခါးသီးသော အတွေ့အကြုံများမှ သေချာသော သင်ခန်းစာများကို လေ့လာနိုင်မည်ဖြစ်ပါသည်။ သို့ရာတွင် သန့်ရှင်းသောသူများနှင့် ပတ်သက်၍လည်း ခဲယဉ်းဆိုးယုတ်မှု၏ လုပ်ဆောင်မှုကို ကျွန်ုပ်တို့တွေ့မြင်ရပါသည်။ ၎င်းသည် သူတို့ကို စစ်ဆေးခြင်း၊ အရောင်တင်ခြင်းနှင့် စင်ကြယ်မှုများ၌သော်၎င်း၊ သူတို့အား အဆင်သင့်ဖြစ်စေရန်လုပ်ဆောင်ပေးခြင်း၌သော်၎င်း၊ သစ္စာရှိသောသူတို့အတွက် ဘုရားသခင်ပြင်ဆင်ထားတော်မူသော အံ့သြဖွယ်ရာများကို အမွေခံရန်အတွက်သော်၎င်း၊အောင်မြင်သောသူများအဖြစ် ထိုက်တန်သော သူအဖြစ်သူတို့အား မှန်ကန်ကြောင်း သက်သေပြရန်အတွက်သော်၎င်း လုပ်ဆောင်ပါသည်။

## May 16 (မေ ၁၆)

**ထာဝရဘုရား၏နှုတ်တော်ထွက်နာမသစ်ဖြင့် သင့်ကိုခေါ်ကြလိမ့်မည်။ သင်သည်ထာဝရဘုရား၏ လက်တော်၌ တင့်တယ်သော ဦးရစ်၊သင်၏ဘုရားသခင်ကိုင်တော်မူသော မင်းမြောက်သရဖူဖြစ်လိမ့်မည်။ ( ဟေရှာ ၆၂ း ၂-၃)**

ကျွန်ုပ်တို့ကို မှောင်မိုက်တန်ခိုးမှ နုတ်၍သူ၏အံ့ဘွယ်သော အလင်းတော်ထဲသို့ ခေါ်သွင်းလျက်၊ ဘုရားသခင်၏ နက်နဲသောအရာများကို ရှင်းလင်းစွာ နားလည်ခြင်းနှင့်အတူ ကျေးဇူးပြုခြင်းခံရကာ၊ မြင့်မားသော မျှော်လင့်ခြင်းများ၊ ရည်မှန်းချက်များနှင့် ရည်ရွယ်ချက်များ ရှိကြပြီး ကြီးစွာသောအမည်ခံခရစ်ယာန်ကိုယ်မှ သီးခြားဖြစ်သလို လောကမှလည်း သီးခြားဖြစ်ကြသည့် သန့်ရှင်းသောအမျိုး(ထူးခြားသောအမျိုး) ဖြစ်ကြသည်ကို ဘယ်တော့မှ မမေ့ကြပါစို့နဲ့။ လောကီ၏သဘောကို များစွာစားသုံးကြသော ခရစ်ယာန်များနှင့် လောကမှ ဤကဲ့သို့ သီးခြားဖြစ်လျှင် ကျွန်ုပ်တို့နှင့် ညီညွတ်မှုမရှိခြင်းကို သူတို့၌ တွေ့မြင်ရခြင်းသည် အံ့သြစရာမဟုတ်ပါ။ ကျွန်ုပ်တို့အား ဥပေက္ခာပြုခြင်း ဒါမှမဟုတ် ဆန့်ကျင်မည်ဖြစ်ပါသည်။

## May 17 (မေ ၁၇)

**လောကီသားတို့သည် သင်တို့ကို တရားဇရပ်မှနှင်ထုတ်လိမ့်မည်။ သင်တို့ကို သတ်သောသူသည်ကား ဘုရားဝတ်ကို ငါပြုပြီဟု မိမိထင်မှတ်သော အချိန်ကာလရောက်လိမ့်မည်။( ယော ၁၆ း ၂)**

ဒီကနေ့၏ ညှင်းပန်းနှိပ်စက်မှုများသည် ယခင်အချိန်ကာလများထက်ပို၍ ယဉ်ကျေးသိမ်မွေ့ပါသည်။ ဒီကနေ့ သစ္စာရှိသောသူတို့အား ပကတိခဲဖြင့်ပစ်ခြင်း၊ ပကတိမြှားဖြင့်ပစ်ခြင်း၊ ပကတိခေါင်းဖြတ်ခြင်းမရှိပါ။ သို့သော် သမ္မာတရားကို ငြင်းပယ်သောသူတို့သည် ဖြောင့်မတ်သောသူတို့အား မြှားဖြင့်ပစ်ကြသည်(ခါးသီးသောစကားလုံး)မှာ ယခုထိတိုင် မှန်ကန်လျက်ရှိပါသည်။ သစ္စာရှိခြင်းကြောင့် များစွာသောသူတို့မှာ အပြစ်တင်ခံရပြီး ဂုဏ်သိက္ခာထိခိုက်အောင် ပြောဆိုခံကြလျက် မိဿဟာရဖွဲ့ခြင်းမှ နှင်ထုတ် (ဖြတ်တောက်)ခံရကြပါသည်။ "သခင်ယေရှု၏ သက်သေခံချက်အတွက် ခေါင်းဖြတ်ခံရခြင်းဖြစ်သည်။" ပထမဆုံးခရစ်ယာန်မာတုရ သတေဖန်ကို ကျွန်ုပ်တို့သည် အားကျကြပါစို့။ သူကဲ့သို့ အလွန်ပျော်ရွှင်သော မျက်နှာများနှင့်အတူ သက်သေခံချက်များကို ပေးကြပါစို့။ အမှုဆောင်နှင့် လွှတ်မြောက်စေသောသူအဖြစ် ခမည်းတော်ဘုရားသခင်၏ လက်ျာတော်ဘက်တွင် ရှိသော သခင်ယေရှုကို ယုံကြည်ခြင်းမျက်စိအားဖြင့် ကြည့်မြင်ကြပါစို့။ သတေဖန်၏ စကားကဲ့သို့ ကျွန်ုပ်တို့၏ စကားများသည် အစွန်းမရောက်ခြင်းနှင့်အတူ ရှိကြပါစို့။ ဝိညာဉ်တော်နှင့်ဂင်း ပြည့်စုံသော သူဟူ၍ သူ့အား ရေးထားသည့်အတိုင်း ကျွန်ုပ်တို့၌လည်း အမှန်ရှိကြပါစို့။

## May 18 (မေ ၁၈)

**ငါတို့မူကား ယုံကြည်သောသူဖြစ်၍ ဘုရားသခင်ချမ်းသာထဲသို့ ဝင်ရကြ၏။(ဟေ ၄ း ၃)**

သခင်ဘုရား၌ ကျွန်ုပ်တို့၏ ငြိမ်သက်ချမ်းသာခြင်းသည် သူ့အပေါ် ကျွန်ုပ်တို့၏ အပြည့်အဝ ယုံကြည်သည့်နည်းတူ ဖြစ်ပါသည်။ အပြည့်အဝယုံကြည်သောသူသည် အပြည့်အဝငြိမ်သက်ချမ်းသာမှုရှိပြီး၊ အစိတ်အပိုင်းတစ်ခုသာလျှင် ယုံကြည်သောသူသည် အစိတ်အပိုင်းမျှသာလျှင် ခံစားရမည်ဖြစ်ပါသည်။ ဝိညာဉ်ပိုင်းဆိုင်ရာ ဣသရေလ၏ ချို့ယွင်းချက်ကင်းသော၊ ဤအခြေအနေကို မျှော်လင့်လျက် အခြားသူတို့အတွက် လုပ်ဆောင်ရင်း စုံလင်သော ငြိမ်သက်ချမ်းသာခြင်းသည် လိုအပ်နေသေးပါသည်။ (အမှန်တကယ်စုံလင်သော အခြေအနေ) ဘုရားသခင်၏ လူတို့အတွက် ချန်ထားတော်မူသော ငြိမ်သက်ချမ်းသာခြင်းဖြစ်ပါသည်။ "ထို့ကြောင့် ဣသရေလလူတို့သည် မယုံကြည်သော စိတ်ရှိသဖြင့် လဲသကဲ့သို့ ငါတို့သည်မလဲ၊ ထိုချမ်းသာထဲသို့ ဝင်ရမည်အကြောင်း ကြိုးစားအားထုတ်ကြကုန်အံ့။" (ဟေ ၄း၉ - ၁၁)

## May 19 (မေ ၁၉)

**သို့ဖြစ်၍ အားရှိသောငါတို့သည် ကိုယ်အလိုသို့မလိုက်၊အားနည်းသောသူတို့၏အားနည်းခြင်းကို သည်းခံရကြမည်။ ( ရော ၁၅ း ၁)**

မည်သည့်စဉ်းစားဆင်ခြင်ခြင်းများအတွက် အခြေခံသဘောတရားကို ဘယ်တော့မစွန့်ပစ်နိုင်ပါ။ သို့သော် မကြာခဏအခြားသူတို့၏ စိတ်ဝင်စားမှုနှင့် ဘုရားသခင်နှင့်ဆိုင်သော ရွေးချယ်မှုအတွက်၌ စိတ်ကြိုက်ရွေးချယ်မှုနှင့် ကိုယ်ပိုင်လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်ကို မကြာခဏလျစ်လျူရှုသင့်ပါသည်။ သမ္မာတရား၏ အခြေခံနိယာမများကို ခုခံကာကွယ်ခြင်း၌ ဘယ်လိုအနေအထားမဆို လုပ်ဆောင်ရန် ရှင်ပေါလုသည် အဆင်သင့်ရှိခဲ့ပါသည်။ သို့သော် ခရစ်တော်နှင့် အသင်းတော်ကို ထောက်ရှုလျက် သူ၏မြေကြီးဆိုင်ရာ လုပ်ပိုင်ခွင့် ၊ ရပိုင်ခွင့်၊ အခွင့်အလန်းများနှင့် စိတ်ကြိုက်ရွေးချယ်ခွင့်များကို စတေးခြင်း (သို့) ယဇ်ပူဇော်ခြင်း၌ သခင်ယေရှုပြီးလျှင် တမန်တော်ရှင်ပေါလုသည် အသင်းတော်တစ်ခုလုံးအတွက် မွန်မြတ်သော ပုံသက်သေပေးသောသူတစ်ဦး ထင်ရှားသိသာစွာ ဖြစ်လာခဲ့ပါသည်။

## May 20 (မေ ၂၀)

**ကောင်းသောအကျင့်ဘက်၌ စိတ်အားကြီး၍ ပိုင်ထိုက်တော်မူသောအမျိုးကို မိမိအဘို့ စင်ကြယ်စေခြင်းငှါရင်း၊ ကိုယ်ကိုကိုယ် စွန့်ကြဲတော်မူပြီ။ ( တိတု ၂ း ၁၄)**

ပိုင်ထိုက်တော်မူသောအမျိုး (သီးသန့်ဖြစ်သောလူမျိုး) ဆိုသည်မှာ အဝတ်အစား၌ ထူးခြားသော လူမျိုးမဟုတ်ပါ။ အပြုအမူ၌ ထူးခြားသော လူမျိုးမဟုတ်ပါ။ ဘာသာစကား၌ မဟုတ်ပါ။ မိုက်မဲခြင်း၌ မဟုတ်ပါ။ အာရုံခံစားချက်မဲ့ခြင်းပုံစံနှင့် အတွေးအခေါ်မဲ့ခြင်းပုံစံများ၌ မဟုတ်ပါ။ သို့သော်လောကနှင့် လောက၏သွန်သင်ချက်စိတ်သဘောမှ သီးခြားဖြစ်ခြင်း၌ သီးသန့်လူမျိုးဖြစ်ပါသည်။ ဤလူမျိုးသည် ခရစ်တော်၏ စိတ်သဘောရှိပါသည် (သခင်ဘုရားထံတော်သို့ အပြည့်အဝဆက်ကပ်အပ်နှံခြင်း နှင့် ၎င်း၏ တစ်ကိုယ်ကောင်းဆန်သော ရည်ရွယ်ချက်များမှ သီးခြားဖြစ်ခြင်း၌ ထူးခြားသော လူမျိုးဖြစ်ပါသည်။ သူ၏တခုတည်းသောနည်းဥပဒေသောအဖြစ် သခင်၏ နှုတ်ကပတ်တော်ကို ထောက်ခံခြင်း၌ သီးခြားလူမျိုးဖြစ်ပါသည်။ လောကီပညာသည် ဘုရားသခင်နှင့်ဆိုင်သော ဖွင့်ပြခြင်းကို ဆန့်ကျင်သောအခါ ၊ ၎င်းသည်

မြေကြီးဆိုင်ရာ ဉာဏ်ပညာကို ငြင်းပယ်ခြင်း၌ သီးခြားလူမျိုးဖြစ်ပါသည်။ ၎င်းသည် လောကထဲ၌ ရှိသော်လည်း ဤလောကနှင့် မစပ်ဆိုင်ခြင်း၌ သီးခြားလူမျိုးဖြစ်ပါသည်။ ၎င်းတွင် ဆုံးဖြတ်ချက်ချခဲ့သော ယုံကြည်ခြင်းရှိပြီး၎င်းယုံကြည်ခြင်းနှင့်အတူ စိတ်အားထက်သန်မှုနှင့်အတူ ညီညွတ်ခြင်း၌ပြုမှုလုပ်ဆောင်ခြင်း၌ သီးခြားလူမျိုးဖြစ်ပါသည်။ မိမိအလိုဆန္ဒကို ယဇ်ပူဇော်လျက်၊ ၎င်း၏ ရှင်ဘုရင်၏အလိုတော်မှ

တပါးတခြားအလိုဆန္ဒကို ငြင်းပယ်ခြင်း၌ သီခြားလူမျိုးဖြစ်ပါသည်။ အခြားသူတို့သည် မှန်းဆလျက်၊ အံ့သြ ခြင်းနှင့် သံသယများသာရှိလျက်နေစဉ် သူတို့သည် သမ္မာတရားကိုသိလျက် သူတို့ထဲ၌ရှိသော မျှော်လင့်ခြင်းအတွက် ကျိုးကြောင်းဆီလျော်မှုကို ပေးစွမ်းနိုင်ခြင်း၌ သီးခြားလူမျိုးဖြစ်ပါသည်။

## May 21 (မေ ၂၁)

**ထိုကျမ်းစာရှိသမျှသည် ဘုရားသခင်မှုတ်သွင်းတော်မူသောအားဖြင့်ဖြစ်၍ ဘုရားသခင်၏လူသည် စုံလင်သောသူ၊ ကောင်းသောအမှုအမျိုးမျိုးတို့ကို ပြုစုခြင်းအလို့ငှါ ပြင်ဆင်သောသူဖြစ်မည်အကြောင်း ဩဝါဒပေးခြင်း၊အပြစ်ကိုဖော်ပြခြင်း၊ဖြောင့်မတ်စွာပြုပြင်ခြင်း၊တရားကိုသွန်သင်ခြင်းကျေးဇူးများ ကိုပြုတတ်၏။ ( ၂ တိ ၃ း ၁၆-၁၇)**

ဘုရားသခင်နှင့် သန့်ရှင်းခြင်းသို့ နီးသထက်နီးရန် ကျွန်ုပ်တို့အား ကူညီပေးနိုင်ပြီး ကျွန်ုပ်တို့ ရရှိထားသော ဘုရားသခင်၏ အရာများနှင့် စပ်ဆိုင်သော အသိပညာ၌ တိုးတက်ကြီးထွားလာခြင်း အလုံးစုံနှင့် သမ္မာတရားနှင့် စပ်ဆိုင်သော ကျေးဇူးတော်များအားလုံးတို့သည် ဓမ္မဟောင်းမှ နုတ်ကပတ် တော်များအားဖြင့်၎င်း၊ ကျွန်ုပ်တို့သခင်နှင့် သူ၏စေ့ဆော်မှုများနှင့် ပြည့်နေသော တမန်တော်တို့၏ နှုတ်ထွက်စကားတော်များအားဖြင့်၎င်း ကျွန်ုပ်တို့ထံသို့ ရောက်ရှိလာခဲ့သည်ကို သတိရအောက်မေ့ခြင်းရှိ ရန်သည် ကျွန်ုပ်တို့အားလုံးအတွက် အကောင်းဆုံးဖြစ်လိမ့်မည် ဖြစ်ပါသည်။ ဂတိပြုထားသော ကယ်တင် ခြင်းအတွက် အကောင်းဆုံးဖြစ်လိမ့်မည် ဖြစ်သောစစ်မှန်သော ပညာနှင့်စပ်ဆိုင်၍ အခြားစီးဆင်းရာ လမ်းကြောင်းသို့သွားရန် (Channel)လိုလိမ့်မည် မဟုတ်ပါ။

## May 22 (မေ ၂၂)

**အကြောင်းမူကား ဘုရားသခင်သည် ကြောက်တတ်သော စိတ်သဘောကို ငါတို့အားပေးတော် မူမည်မဟုတ်၊ တန်ခိုးပါသောစိတ်၊ရှင်းလင်းသောစိတ်သဘောကို ပေးတော်မူ၏။(၂ တိ ၁း၁၇)**

သူ၏လူတို့ထံ ဘုရားသခင်ပေးတော်မူသော စိတ်သဘောသည် ကြောက်တတ်သည့်စိတ်သဘော မဟုတ်ပါ။ ချစ်ခြင်းမေတ္တာအားဖြင့် နိုးထလာသော တန်ခိုးပါသောစိတ်ကို၎င်း စိတ်အားထက်သန်မှုနှင့် စွမ်းအားတို့ကို ပေးတော်မူခဲ့ပါသည် ။ဘုရားသခင်အတွက် အချိန်စွမ်းအားကို မြှုပ်နှံသော ချစ်တတ်သည့် စိတ်၊ ဘုရားသခင်၏ လူတို့အတွက် အချိန်စွမ်းအားကို မြှုပ်နှံသည့်ချစ်တတ်သောစိတ်နှင့် သန့်ရှင်းသော အရာများ၌ သူတို့ကို တည်ဆောက်ရန် ဆန္ဒစိတ်သဘောကို ပေးတော်မူခဲ့ပါသည်။ အကြောင်းအရာ တိုင်းတွင် ဘုရားသခင်၏ နှုတ်ကပတ်တော်အားဖြင့် ဤကောင်းမွန်သော စိတ်သဘောကို ပိုမိုအားရှိ စေလျက် သန်စွမ်းစေပါသည်။ တဘက်တွင် လူကိုကြောက်ရွံ့ခြင်းနည်းလျက်ရှိနေစဉ် ဆက်ကပ်အပ်

နှံ့ထားသော နှလုံးသားအတွင်း၌ မီးစတစ်စအဖြစ် လောင်ကျွမ်းနေသော ချစ်ခြင်းမေတ္တာနှင့် ဆိုင်သော စွမ်းအားများကို အသုံးပြုခြင်းအတွက် အချိန်များ ၊ ကာလများနှင့် နည်းလမ်းများကို အကဲဖြတ်လုပ်ဆောင်ရာ၌ ပညာရှိပါသည်။

## May 23 (မေ ၂၃)

**သင်တို့သည် အချင်းချင်းတို့၏ ခြေကို ဆေးကြောရမည်။ (ယော ၁၃ း ၆၁၄)**

ခရစ်တော်၏ ကိုယ်အင်္ဂါများတို့သည်၊ အခြားသူ တစ်ဦး၏သာယာတိုးပွားမှုအပေါ် အပြန်အလှန်ဂရုပြုစောင့်ကြည့်ခြင်းရှိသင့်သည်ဟု ဤအရာသည် ရည်ညွှန်းပါသည်။ စင်ကြယ်ခြင်း၊ သန့်ရှင်းခြင်းနှင့် သန့်စင်ခြင်း၌ တစ်ဦးနှင့်တစ်ဦး စောင့်ထိန်းရန်၊ ယခုပစ္စုပ္ပန်ကမ္ဘာ၏ ဒုက္ခဝေဒနာများနှင့် စုံစမ်းနှောင့်ယှက်ခြင်းများ၊ စစ်ကြောခြင်းများကို အောင်မြင်ခြင်း၌ တစ်ဦးနှင့်တစ်ဦး ကူညီရန် လောက၊ ဇာတိနှင့် စာတန်တည်းဟူသော စုံစမ်းနှောင့်ယှက်ခြင်း၏ အဓိက အရင်းအမြစ်သုံးမျိုးစလုံးမှ အောင်မြင်ရန် တစ်ဦးနှင့်တစ်ဦး စောင့်ကြည့်ရန် ဖြစ်ပါသည်။ နူးညံ့သိမ်မွေ့ခြင်း၊ စိတ်ရှည်ခြင်း၊ နှိမ့်ချခြင်း၊ ညီအစ်ကိုချင်း ချစ်ခြင်းနှင့် ချစ်ခြင်းမေတ္တာတည်းဟူသော ဝိညာဉ်တော်၏ အမျိုးမျိုးသော ကျေးဇူးတော်များကို တိုးတက်စေခြင်းအားဖြင့်သာလျှင် ကျွန်ုပ်တို့သည် အခြားသူတို့အား ဘဝအသက်တာ၏ စင်ကြယ်သန့်ရှင်းခြင်းများနှင့် အကျင့်စရိုက်လက္ခဏာများကို လှပအောင်ချယ်သခြင်းသော်၎င်း၊ လောကနှင့် ဇာတိ၏ အညစ်အကြေးများမှ လွတ်မြောက်ရန်သော်၎င်း၊ အထူးသဖြင့် ကူညီနိုင်မည် ဖြစ်ပါသည်။

## May 24 (မေ ၂၄)

**မေတ္တာသည်. . . . မလျောက်ပတ်စွာ မကျင့်တတ်။ (၁ ကော ၁၃ း ၅)**

ပင်ကိုယ်သဘောသဘာဝဆိုင်ရာ ကျဆင်းခြင်း၊ မိဘများထံမှ အမွေဆက်ခံရရှိခြင်းနှင့် အာရုံကြောများသည် ညစ်ညူးခြင်းများ၊ ဇာတိအလိုဆန္ဒများနှင့်ဆိုင်သော စိတ်ဘက်သို့ မည်သို့ပင် တိမ်းယိမ်းနိုင်စေကာမူ သခင်ဘုရား၏ စိတ်သဘောနှင့် ပြည့်သောနှလုံးသားတိုင်းသည် သူ၏ဇာတိမှ ဆိုးညစ်သော ဤစရိုက်လက္ခဏာများကို ဆန့်ကျင်ရမည်ဖြစ်ပြီး ကောင်းသောတိုက်လှန်ခြင်းကို ဆင်နွှဲရမည်ဖြစ်ပါသည်။ ကျွန်ုပ်၏ စတိုင် (သို့) ပုံစံဖြစ်သည်ဟု မပြောဆိုပါနှင့်။ အဘယ်ကြောင့်ဆိုသော် ကျဆင်းလျက်ရှိသော ပင်ကိုယ်သဘောသဘာဝနှင့် စပ်ဆိုင်သော စတိုင်များအားလုံးတို့သည် ကောင်းသောအရာတစ်စုံတစ်ခုမျှ မရှိသောကြောင့် ဖြစ်ပါသည်။ ဤကဲ့သို့ လူဟောင်းနည်းတူ ဇာတိပတိနှင့် စာတန်၏ အလုပ်များကို အောင်မြင်ရန်သည် အသစ်သောသတ္တဝါ၏ တာဝန်ဝတ္တရားဖြစ်ပါသည်။ အနည်းငယ်သော သူတို့သာလျှင် ကျွန်ုပ်တို့၏ သူငယ်ချင်းများနှင့် အိမ်သူအိမ်သားများတို့အား ချစ်ခြင်းမေတ္တာ၏ စွမ်းပကားနှင့် စပ်ဆိုင်သော ဤအရာထက် ပိုမိုပြသကြပါသည်။ ဤကျေးဇူးတော်သည် ကြီးထွားလာ

သည့်အတိုင်း ဘုရားသခင်၏ သားသမီးတိုင်းအား ချိုမြိန်သော စိတ်သဘောကို ပြုလုပ်ပေးပါသည်။

## May 25 (မေ ၂၅)

**အဆိုးအားဖြင့် အရှုံးမခံနှင့်၊ အကောင်းအားဖြင့် အဆိုးကိုနိုင်လော့။ (ရော ၁၂:၂၁)**

မကောင်းသည် စကားလုံးများ(သို့)မကောင်းသည့်နည်းလမ်းများ(သို့)မကောင်းသည် အပြုအမူများကို ကျွန်ုပ်တို့သည် ဘယ်သောအခါမှ အသုံးမပြုကြရန် ဖြစ်ပါသည်။ ဤကဲ့သို့ လုပ်ဆောင်ခြင်းသည် ရန်သူနှင့် ခေတ္တခဏပေါင်းသင်းခြင်း (သို့) သူ၏ တန်ဆာပလာများနှင့် နည်းလမ်းများသည် ကျွန်ုပ်တို့အား ပိုင်ဆိုင်သော ကပ္ပတိန်၏ အပြုအမူနည်းလမ်းများထက်သာ၍ကောင်းသည်ဟု ဝန်ခံခြင်းဖြစ်ပါသည်။ အမျက်ဒေါသထွက်ခြင်းကို အမျက်ဒေါသထွက်ခြင်းအားဖြင့်၎င်း၊ မကောင်းသောသတင်းစကားကို မကောင်းသောသတင်းစကားလုံးများအားဖြင့်၎င်း၊ ဂုဏ်သိက္ခာထိခိုက်အောင် ပြောဆိုခြင်းကို ဂုဏ်သိက္ခာထိခိုက်အောင် ပြန်လည်ပြောဆိုခြင်းအားဖြင့်၎င်း၊ ညှင်းပန်းနှိပ်စက်ခြင်းများကို ညှင်းပန်းနှိပ်စက်ခြင်းအားဖြင့်၎င်း၊ရိုက်နှက်ခြင်းများကို ရိုက်နှက်ခြင်းများအားဖြင့်၎င်း (သို့)ဤအရာများထဲမှ မည်သည့်အရာကိုမဆို မကောင်းကို မကောင်းအားဖြင့် အောင်မြင်ရန် ကြိုးပမ်းခြင်းဖြစ်လိမ့်မည်ဟု ဖြေကြားရမည် ဖြစ်ပါသည်။ကျွန်ုပ်တို့၏ ကျဆင်းလျက်ရှိသော ပင်ကိုယ်သဘောသဘာဝဖြစ်သော ဤအရာကို ကျွန်ုပ်တို့အား ရှောင်ရှားရန် မိန့်မှာထားပါသည်။ သို့မှသာ အသစ်သောသတ္တဝါကို တိုးတက်စေနိုင်ပါမည်။ အဆိုးကိုအောင်မြင်ရန် ဤနည်းလမ်းများထဲ၌ သူ၏နည်းလမ်းကို အသုံးပြုရန် ရန်သူအားဖြင့် မှားယွင်းစွာ ဦးဆောင်လျက် ရှိပါသည်။

## May 26 (မေ ၂၆)

**ဉာဏ်သည် ထောင်လွှားစေတတ်၏။မေတ္တာမူကား တည်ဆောက်တတ်၏။(၁ ကော ၈ း ၁)**

ဘုရားသခင်၏ အကြံအစည်စီမံကိန်းကို အခြားသူတို့ထံ သွန်သင်ရန် ရှာဖွေကြသောသူ အားလုံးတို့မှာ ထူးခြားသော စုံစမ်းနှောင့်ယှက်ခြင်းများအတွက် ပြသခြင်းခံရကြသော သူများဖြစ်ကြပါသည်။ ထို့ကြောင့် သခင်ဘုရားနှင့် သူ၏ လူတို့အတွက် အစေခံခြင်းနှင့် စပ်ဆိုင်သော ဂုဏ်အသေရေနှင့် ပြည့်စုံသောအလုပ်သည် သန့်ရှင်းသော ဝိညာဉ်တော်၏ သမ္မာတရား အသိပညာလည်း လိုအပ်ပါသည်။ ထိုအကြောင်းကြောင့် အခြားသော သူတို့ထံ ညွှန်ကြားသောသူတစ်ဦး (သို့ )သခင်ဘုရား၏ “နုတ်”တစ်ခုအဖြစ် ဖြစ်လိုကြသော သူများတို့သည် နူးညံ့သိမ်မွေ့ခြင်းအပါအဝင် သန့်ရှင်းသော ဝိညာဉ်တော်၏ အမျိုးမျိုးသော အကျိုးကျေးဇူးများ အားလုံးကိုစိုက်ပျိုးသင့်ပါသည်။ သမ္မာတရား အသိပညာနှင့်အတူ ပေါင်းစပ်ထားသော ဤအရာတို့သည် သူကိုယ်တိုင်အား တည်ဆောက်ပေးနိုင်သလို သူဝေမျှသော သူတို့အားလည်း တည်ဆောက်ပေးနိုင်ပါသည်။

## May 27 (မေ ၂၇)

**သူတစ်ပါးသည် ကိုယ်ထက်သာ၍ ကောင်းမြတ်သည်ဟု နှိမ့်ချသော စိတ်ရှိ၍ တစ်ယောက်ကို တစ်ယောက် ထင်မှတ်ကြလော့။ ( ဖိ ၂ း ၃)**

နှိမ့်ချခြင်ကို တိုးတက်စေရမည်ဟု တမန်တော်ရှင်ပေါလုမှ ကျွန်ုပ်တို့အားလုံးအား တိုက်တွန်းထားပါသည်။ အမှုအရာတိုင်း၌ အယောက်စီတိုင်းသည် ခိုက်ရန်ဖြစ်ပွားခြင်းအားဖြင့်၎င်း(သို့)အချည်းနှီးဘုန်းအသရေအားဖြင့်၎င်း၊ လုပ်ဆောင်ဖို့ရန် ဘာမှမလိုပါဟု သတိရှိကြရမည်ဖြစ်ပါသည်။ အသင်းတော်၏ ကောင်းကြီးမင်္ဂလာနှင့် သခင်ဘုရား၏ စိတ်သဘောအတွက် အကြီးမားဆုံးသော ရန်သူအဖြစ် ကိုယ်ကိုကိုယ် ချီးမြှောက်ခြင်းနှင့် သူတစ်ပါးထက်ပိုအရေးပါခြင်းအတွက် ရရှိရန် ကြိုးပမ်းခြင်းတို့ကို အပြည့်အဝ အဝေးသို့စွန့်ပစ်ကြရမည်ဖြစ်ပါသည်။ တနည်းအားဖြင့်ဆိုသော် သူထက်သာ၍ကောင်းမြတ်သော အရာအဖြစ် ညီအစ်ကိုတို၏ကောင်းသော အရည်အချင်းများကို မြင်လျက် ဤအရည်အချင်းများမှ အချို့ကိုအသိအမှတ်ပြုနိုင်သော နှိမ့်ချသော စိတ်နှလုံးသည် အယောက်စီတိုင်းတွင် ရှိသင့်ပါသည်။ ဆုကျေးဇူးအားလုံး၊ အရည်အချင်းအားလုံးတို့ကို တစ်စုံတစ်ဦးထံ၌သော်၎င်း၊ ပရိတ်သတ်များ၌သော်၎င်း၊ ဘယ်တော့မှ မြော်လင့်ဖို့မလိုအပ်ပါ။ နှိမ့်ချသော နှလုံးသားရှိမည်ဆိုလျှင် သူ့ထက်သာ၍ ကောင်းမြတ်သောအခြားသူများ၌ ကောင်းသောအရည်အချင်းများကို မြင်မည်ဖြစ်ပြီး ဤအရာများကို ပိုင်ဆိုင်သောသူများကို လေးစားသင့်ပြီး ဤအရာများကိုအသိအမှတ်ပြုရန် ဝမ်းမြောက်သင့်ပါသည် ။

## May 28 (မေ ၂၈)

**ထို့ကြောင့် ငါတို့သည် ကိုယ်ခန္ဓာ၌နေမြဲနေစဉ်ကာလ၊သခင်ဘုရားနှင့်ကွာဝေးရာအရပ်၌ နေသည်ကို ငါတို့သည်သိလျှက်၊ အစဉ်ရဲရင့်သော စိတ်ရှိကြ၏။ ( ၂ကော ၅ း ၆)**

ကျွန်ုပ်တို့သည် သခင်ဘုရားနှင့်အတူ နီးကပ်စွာ အသက်ရှင်ခဲ့ကြသော် (သို့)ဘုရားသခင်နှင့်အတူ သွားလာနေခဲ့ကြသော် ကျွန်ုပ်တို့သည် ယခုမျက်မှောက်ကာလ ရရှိခြင်းများနှင့်အတူ စုံလင်ပြည့်ဝစွာ ကျေနပ်မှုခံစားရလိမ့်မည်မဟုတ်ပါ။ သို့သော် သူ့ကိုချစ်သော သူတို့အတွက် ဘုရားသခင်ပြင်ဆင်ထားတော်မူသော သာ၍မြတ်သောအိမ်၊ သာ၍မြတ်သောငြိမ်သက်ချမ်းသာခြင်းကို ရှာဖွေနေကြသော လောကဧည့်သည်များ ကောင်းကင်ခရီးသွားနေကြသော သူများကဲ့သို့ ရှာဖွေနေကြသော သူတို့သည် ခံစားရလိမ့်မည်ဖြစ်ပါသည်။ အပိုဒ်ငယ်(၇)၌တမန်တော်ရှင်းလင်းပြထားသည့်အတိုင်း အမြင်အားဖြင့်မဟုတ်ဘဲ ယုံကြည်ခြင်းအားဖြင့်လျှောက်လှမ်းသော သူတို့အတွက်သာလျှင် မှန်ကန်သောအရာဖြစ်ပါသည်။ ငါတို့သည် အစဉ်ရဲရင့်သော စိတ်ရှိကြသည်။ (ဘုရားသခင်အား အပြည့်အဝယုံကြည်ခြင်း၊ ယုံကြည်ခြင်းအားဖြင့် လျှောက်လှမ်း ရန်ဝမ်းမြောက်သည်) ကျွန်ုပ်တို့သည် ယခုအိမ်မှ(အိမ်မရှိခြင်း၊ ဧည့်သည်များအဖြစ် မြေကြီးပေါ်၌ ခရီးသွားကြသူများ) ကျွန်ုပ်တို့၏ မိဿဟာရဖွဲ့ခြင်းနှင့် စပ်ဆိုင်သော စိတ်သဘော၌ သခင်ဘုရားနှင့်အတူအိမ်၌ရှိရန် ကျေနပ်ကြပါသည်။

## May 29 (မေ ၂၉)

**ငြိမ်သက်ခြင်းကို သင်တို့၌ငါထားခဲ့၏။ငါ၏ငြိမ်သက်ခြင်းကို သင်တို့အား ငါပေး၏ လောကီသားတို့ပေးသကဲ့သို့ ငါပေးသည်မဟုတ်။သင်တို့စိတ်နှလုံးပူပန်ခြင်း၊စိုးရိမ်တုန်လှုပ်ခြင်းမရှိစေနှင့်။ (ယော ၁၄း၂၇)**

လောက၊ဇာတိနှင့် စာတန်အားပို၍ အောင်မြင်လေလေ၊ ကောင်းကင်ဘုံ၌ရှိတော်မူသော ကျွန်ုပ်တို့၏ ခမည်းတော်ဘုရားသခင်၏ အလိုတော်လုပ်ဆောင်ရန် ကျွန်ုပ်တို့သည် ပိုမိုရှာဖွေကြမည်ဖြစ်ပါသည်။ ကျွန်ုပ်တို့၏ ချစ်လှစွာသော ရွေးနုတ်သူနှင့် ပေါင်းသင်းဆက်ဆံခြင်းနှင့် မိဿဟာရဖွဲ့ခြင်းအားပို၍ ရှာဖွေကြမည်ဖြစ်ပါသည်။ ကျွန်ုပ်တို့ထံမှ လူမနုတ်မယူနိုင်သော ငြိမ်သက်ခြင်းနှင့် ဝမ်းမြောက်ခြင်းကို ကျွန်ုပ်တို့သည် များစွာရရှိကြမည်ဆိုလျှင် စစ်ဆေးခြင်းများ၊ အခက်အခဲများနှင့် ညှင်းပန်းနှိပ်စက်မှုတို့သည် ပို၍ ချိုမြိန်သော၊ ပို၍အဖိုးထိုက်သော အရာများကိုသာ ပြုလုပ်နိုင်ပါသည်။

"ထိုနည်းတူ၊ ယခုတွင် သင်တို့သည် ဝမ်းနည်းခြင်းရှိကြသော်လည်း၊ နောက်တဖန် သင်တို့ကို ငါတွေ့မြင်သဖြင့် သင်တို့သည် စိတ်နှလုံးဝမ်းမြောက်ခြင်း ရှိကြလိမ့်မည်။ ထိုဝမ်းမြောက်ခြင်းကို အဘယ်သူမျှ လုယူဖျက်ဆီးခြင်းငှါ မတတ်နိုင်" (ယော ၁၆ း၂၂)

## May 30 (မေ ၃၀)

**မြော်လင့်လျက် ဝမ်းမြောက်ကြလော့။ ဆင်းရဲဒုက္ခ ရောက်သောအခါ သည်းခံကြလော့။ ( ရော ၁၂ း ၁၂)**

ဤနေရာသည် ခရစ်ယာန်အသက်တာနှင့်စပ်ဆိုင်သော အလွန်ကြီးစွာသော တိုက်ပွဲ၏အရေးကြီးသော အစိတ်အပိုင်းတစ်ခုဖြစ်ပါသည်။ သူ၏ ကယ်တင်ခြင်းအတွက် ကြီးစွာသော ကပ္ပတိန်၏ ခွန်အား၌ အောင်မြင်ခြင်းတွင် စိတ်ချစွာ ပါဝင်လျက် လူဟောင်းနှင့်ဆိုင်သော သဘောသဘာဝ၏ တိမ်ညွှတ်ခြင်းများကို ကျွန်ုပ်တို့သည် တွန်းလှန်ကြရမည်ဖြစ်ပါသည်။ သူ၏စရိုက်လက္ခဏာကို ချဉ်၍ မာကျောရန်သော်၎င်း၊ ပို၍စိတ်ထားမကောင်းရန်၊ စိတ်ဆိုးရန် (သို့) ခါးသီးရန် (သို့) မကြင်နာနိုင်ရန် သူ့အား လုပ်ဆောင်ရန် ဘဝ၏စစ်ကြောခြင်းများအား သူသည် ခွင့်မပြုရပါ။ ကောင်းသောဘဏ္ဍာစိုးတစ်ဦးအဖြစ် သူ၏သစ္စာရှိခြင်းကို စစ်ဆေးရန် သူ့အား ဘုရားသခင်ပြင်ဆင်ပေးတော်မူခဲ့သော တဒင်္ဂဆိုင်ရာ ကောင်းသောအရာများအပေါ်တွင်သာ စားသောက်ကြီးထွားရန်၊ မာန(သို့) လူအထင်ကြီးစေရန် ကြွယ်ဝမှုကို ပြသခြင်း (သို့) မိမိကသာ မှန်သည်ဟု ထင်ခြင်းများကို သူသည်ခွင့်မပြုရပါ။

## May 31 (မေ ၃၁)

**အမဲသားကိုစားခြင်း၊စပျစ်ရည်ကိုသောက်ခြင်း၊ကိစ္စမှစ၍ ညီအစ်ကိုထိမိ၍ လဲစရာအကြောင်း မှားယွင်းစရာအကြောင်း၊ အားနည်းစရာအကြောင်းများကို ရှောင်အပ်၏။(ရော ၁၄း၂၁)**

မိမိ၏ညီအစ်ကိုတစ်ဦးအား ထိမိ၍လဲစရာ ဖြစ်စေသောအရာသည် ချစ်ခြင်းမေတ္တာတရားနှင့် သခင်ဘုရား၏ အမိန့်တော်ကို ဆန့်ကျင်သည့် အလွန်အန္တရာယ်ရှိသော ပြစ်မှုတစ်ခုဖြစ်ပါသည်။ (မ ၁၈ း၆) ညီအစ်ကိုဖြစ်လာခြင်းနှင့် ယုံကြည်ခြင်းအိမ်သူအိမ်သားဖြစ်လာခြင်းမှ နှောင့်နှေးအောင် အခြားသူတို့အား ထိမိ၍လဲစေသော ကျွန်ုပ်တို့အတွက်လည်း သူ၏အမြင်၌ ပြစ်မှုတခုဖြစ်လိမ့်မည် ဖြစ်ပါသည်။ ကျွန်ုပ်တို့၏ သြတ္တပ္ပစိတ်များ၏ တားမြစ်ခြင်းများနှင့် ကျွန်ုပ်တို့၏ လွတ်လပ်မှုအတွက် ကန့်သတ်ချက်များအားလုံးကို သမ္မာတရား အသိပညာသည် ဖယ်ရှားနိုင်သော်လည်း ဤလွတ်လပ် ခြင်းကို လက်တွေ့မကျင့်လည်ခင် မေတ္တာသည် အရင်ဦးစွာလာရမည်ဖြစ်ပြီး ၊ လွတ်လပ်မှုကို အခွင့်ရ မည်ဖြစ်ပါသည်။ သင်၏ဘုရားသခင် ထာဝရဘုရားအား စိတ်နှလုံး အကြွင်းမဲ့ချစ်လျက် ကိုယ်နှင့်စပ် ဆိုင်သော သူအား ကိုယ်နှင့်အမျှ ချစ်လော့ဟူ၍ ကျွန်ုပ်တို့အပေါ်တွင် ခိုင်မာသော အမိန့်တော်ကို ချထားပါသည်။

-------------